ကောင်းစွာမှတ်သားကြလေကုန်၊ ငါကိုယ်တော်၏

ဟဒီးဆ်တော်တစ်ပုဒ်သည် လူတစ်ဦးထံသို့ ရောက်ရှိသည့်အခါထိုသူသည် မိမိ၏သလွန်ပေါ်တွင် မှီလျက် အသင်တို့နှင့်ကျွန်ုပ်တို့ကြားတွင် အလ္လာဟ်အရှင်မြတ်၏

ကျမ်းတော်မြတ်ရှိသည်။

အလ်မိက္ကဒါမ်ဗင်န် မအ်ဒီကရိဗ်(ရဿွိယလ္လာဟုအန်ဟု)က
ဆင့်ပြန်သည်။အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ ကောင်းစွာမှတ်သားကြလေကုန်၊ ငါကိုယ်တော်၏
ဟဒီးဆ်တော်တစ်ပုဒ်သည် လူတစ်ဦးထံသို့ ရောက်ရှိသည့်အခါ ထိုသူသည်
မိမိ၏သလွန်ပေါ်တွင် မှီလျက် အသင်တို့နှင့် ကျွန်ုပ်တို့ကြားတွင်
အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်
ထိုကျမ်းထဲတွင် ဟလာလ်ဟုတွေ့ရသောအရာကို ဟလာလ်ဟုမှတ်ယူမည်။ ကျွန်ုပ်တို့သည်
ထိုကျမ်းထဲတွင် ဟရာမ်ဟုတွေ့ရသောအရာကို ဟရာမ်ဟု မှတ်ယူမည်ဟု ပြောကြားလိမ့်မည်။
ဧကန်မုချ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် တားမြစ်ထားသောအရာသည်
အလ္လာဟ်အရှင်မြတ် တားမြစ်ထားသောအရာနှင့် အတူတူပင်ဖြစ်သည်။
[صحيح] [رواه أبو داود والترمذي وابن ماجه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ ဤသို့‌သောထိုင်နေသည့်လူတန်းစားမျိုးရှိသည့်ခေတ်ကာလ မကြာမီ‌ ရောက်ရှိလာမည်။ ၎င်းတို့အနက်မှတစ်ဦးသည် မိမိ၏သလွန်ပေါ်တွင် မှီလျက်ရှိမည်။ ၎င်းထံသို့တမန်‌တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)၏ ဟဒီးဆ်တော်တစ်ပုဒ်ရောက်လာသောအခါဤသို့ပြောလိမ့်မည်။ ကျမ်းတော်မြတ်ကုရ်အာန်သည်သာလျှင်အသင်တို့နှင့်ကျွန်ုပ်တို့ကြားတွင် အရေးကိစ္စအဝဝကိုဖြေရှင်းပေးမည့်ကျမ်း‌တော်ဖြစ်သောကြောင့် ယင်းကျမ်းတော်သည်ပင် ကျွန်တော်တို့အဖို့လုံလောက်သည်။ထိုကျမ်းတော်၌ ဟလာလ်အဖြစ် တွေ့ရသောအရာများကို လိုက်နာကျင့်သုံးပြီး ထိုကျမ်းတော်၌ဟရာမ်အဖြစ် တွေ့ရသောအရာများကို ရှောင်ကြဉ်ကြမည်။ ထို့နောက်တမန်‌တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူသည်မှာ ကိုယ်တော်မြတ်၏ဟဒီးဆ်တော်တွင် ဟရာမ်အဖြစ် သတ်မှတ်ထားသောအရာ၊ တားမြစ်ထားအရာတိုင်းသည်ကျမ်းတော်မြတ်ကုရ်အာန်တွင် အလ္လာဟ်အရှင်မြတ်တားမြစ်ထားသကဲ့သို့ပင်ဖြစ်ပေသည်။အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ်သည်မိမိ၏အရှင်သခင်ထံတော်မှ တဆင့်ပြန်လည်ပို့ချသူပင်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/65005